## အမှန်တရားနှင့်မျှတမှုအမျိုးသားပါတီဥက္ကဋ္ဌ ဦးဇော်ကြားရှင်၏

## "၁၇ / ၁၀"ထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၁၅ခုနှစ် အောက်တိုဘာလ ၁၇ ရက်

မြန်မာမီဒီယာအချို့ ကျွန်တော်၏မှားယွင်းသောသတင်းများကို ထုတ်ပြန်ခဲ့ပြီး ကျွန်တော်တို့ မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်ကို သွေးခွဲရန်ကြံစည်ခဲ့သည်။ ရန်သူ၏ စွတ်စွဲမှုများ အသရေဖျက်မှုများကို ကျွန်တော့်အနေနဲ့ ဘယ်တော့မှဂရုမစိုက်ပေ။ သို့သော် အခုဒီမှားယွင်းသောသတင်းများကို မီဒီယာကြီးများ၏ တစ်ဆင့်ထုတ်ပြန်မှုကြောင့် ကျွန်တော်တို့ကိုးကန့်တိုင်းရင်းသားဒီမိုကရေစီတော်လှန်ရေးလုပ်ငန်းကို အမြဲအားပေးထောက်ခံ နေသော ပြည်သူ လူထုများကို ကျွန်တော်တို့အပေါ် သံသယဝင်စေသည်။ ထို့ကြောင့် အထက်ပါမှားယွင်းသောသတင်း များကို ဖြေရှင်းရန်အတွက် ကျွန်တော်မှ ဤ "၁၇ / ၁၀"ထုတ်ပြန် ကြေညာချက်ကို ထုတ်ပြန်လိုက်ပါသည်။

၁။ ကိုးကန့် "၂၀၀၉ခုနှစ်ဩဂုတ်လရေက်အရေးအခင်း"မတိုင်ခင်မှာ စစ်အစိုးရက ကျွန်တော့်မိသားစုအပေါ် အခွင့်ကောင်းများစွာပေးပြီးမြူဆွယ်ခဲ့ပါသည်။ သို့သော်ဒီအခွင့်အရေးများသည် ကိုးကန့်တိုင်းရင်းသားများ၏ အမျိုးသား ရေးအတွက်ကောင်းကျိုးမရှိသဖြင့် ကျွန်တော်လက်မခံခဲ့ပေ။ အကယ်၍ကျွန်တော်သာ တစ်ကိုယ်တော် (သို့)မိသားစု၏အကျိုးကိုသာ စဉ်းစားမိလျှင် ကိုးကန့် "၂၀၀၉ခုနှစ် ဩဂုတ်လ ရေက်အရေးအခင်း" လည်းဖြစ်ပွားခဲ့မည် မဟုတ်ပါ။

၂။ ကျွန်တော်၏ဘဝတစ်သက်လုံးသည် တော်လှန်ရေးလုပ်ငန်းကိုသာ လုပ်ဆောင်နေသဖြင့် နေရာအနှံ့တွင်နေထိုင် ရတာကို အသားကျလှပါပြီ။ ထို့ကြောင့် မိမိမွေးရပ်မြေမှာအေးအေးဆေးဆေးနေထိုင်ဖို့အတွက် တစ်သက်လုံးကြိုးစား ခဲ့သော နိုင်ငံရေးရည်မှန်းချက်ကို စွန့်လွှတ်ရမည်မဟုတ်ပါ။

၃။ ယခု မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်၏ တပ်အင်အားမှာ ၅၀ဝဝခန့်ရှိသည်။ ထို့ကြောင့် မြန်မာမီဒီယာများထုတ်ပြန်ခဲ့သော"လက်နက် ၆၀ဝခန့်နှင့်သာဆုတ်ခွာခဲ့ရသည်"ဟူသောသတင်းမှာ မဖြစ်နိုင်ပါ။လုံးဝမှားယွင်းနေပါသည်။ ကျွန်တော်၏ရည်မှန်းချက်မှာ ၅၀ဝဝသောတပ်မတော်သားကိုဦးဆောင်၍ အမျိုးသားတန်းတူရေး၊ ကိုယ်တိုင်ပြဋ္ဌာန်းခွင့် နှင့်စစ်မှန်သောဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ထွန်းရေးဟူသောနိုင်ငံရေးပန်းတိုင်သို့ဆက်လက်ချီတက်မည်။

၄။ တစ်ချိန်က မြန်မာအစိုးရတို့ "ပြည်တွင်းမီဒီယာများ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးတပ်များနှင့်ထိတွေ့ဆက်ဆံခြင်းမလုပ်ရ"ဟူ၍အမိန့်ထုတ်ပြန်ခဲ့သည်။ ဒီအမိန့်ကိုကြည့်ခြင်းအားဖြင့်  ပြည်တွင်းမီဒီယာများမှာလွတ်လပ်မှုမရှိ၊ အများစုမှာ အစိုးရ၏ထိန်းချုပ်မှုကိုခံနေရသည်။ ထို့ကြောင့်တစ်ချို့သော မြန်မာမီဒီယာများထုတ်ပြန်သောသတင်းများ ၏ မှန်ကန်မှုနှင့်မျှတမှုမှာ သံသယရှိစေပါသည်။

၅။ "ကျွန်တော်သည် အသက်၈၅နှစ်ပြည့်ပြီဖြစ်သော်လည်း တော်လှန်ရေးအတွက်ဘဝကုန်ကြိုးစားပြီး အမျိုးသားတန်းတူရေး၊ ကိုယ်တိုင်ပြဋ္ဌာန်းခွင့်နှင့် စစ်မှန်သောဒီမိုကရက်စီ ဖက်ဒရယ်ပြည်ထောင်စု မရမချင်း ဓိဓိမွေးရပ်မြေကိုပြန်မည်မဟုတ်" ဟုကတိပြုပါသည်။

တော်လှန်ရေးသစ္စာဖြင့်

ဖုန်ကြားရှင်